# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 10 , 2022 Volume 60, Number 7


| ၁၀.၁၁.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၀၉၆.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၈၉.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၅.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၅၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၉၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ဒါရိုက်တာဖြစ်သူ Mr.SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



https://www.commerce.gov.mm

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ (၀၈:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ဒါရိုက်တာဖြစ်သူ Mr.SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုတိုးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ တင်ပို့ရန်အလားအလာရှိသည့် ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး၊ တင်ပို့မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် စံချိန်စံညွှန်းများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%80%BA%E1%80%86%E1%80%AF%E1%80%B6%E1%80%B8 %E1%80%9B-

## စပါးသိုလှောင်ရန် ဝယ်ယူမှုများလာခြင်းကြောင့် ယခင်လထက် စပါးဈေးမြင့်တက်လာ

ပြည်တွင်း၌ စပါးသိုလှောင်သည့် ရာသီချိန်ဖြစ်ပြီး စပါးအထွက်နှုန်းကျဆင်းနိုင်သည်ဟု ခန့်မှန်းကာ လှောင်လက်များ၊ ဆန်စက်များက အပြိုင်ဝယ်ယူကြခြင်းကြောင့် နိုဝင်ဘာပထမပတ်တွင် စပါးဈေးမှာ ယခင်လထက် ဈေးမြင့်တက်လာကြောင်း စပါးဈေးကွက်မှ သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလက စပါးတင်း ၁၀၀ လျှင် ပျမ်းမျှငွေကျပ် ၉၀၀,၀၀၀-၁,၁၀၀.၀၀၀ ဝန်းကျင်ပေါက်ဈေးရှိခဲ့ရာက လက်ရှိတွင် ငွေကျပ် ၁,၂၀၀,၀၀၀ မှ ၁,၅၀၀,၀၀၀ ဝန်းကျင်ထိ ရှိလာသည်ဟုဆိုသည်။ "လှောင်လက်တွေအဝယ်များလာတယ်။ အရောင်းအဝယ်သဘောအရ ဝယ်လိုအားများရင် ဈေးမြင့်လာတာပဲ။ တချို့တောင်သူတွေဆိုရင်ထွက်တဲ့စပါးရဲ့ တစ်ဝက်နီးပါးလောက် ရောင်းပြီးကုန်ပြီ။ သူတို့လက်ထဲ ကြာကြာမထားနိုင်ကြဘူး။ စပါးဈေးတက်မှတောင်သူတွေကုန်ကျတဲ့ စိုက်ပျိုးစရိတ်ကို ကာမိမယ်"ဟု စပါးကုန်သည် တစ်ဦးကပြောသည်။

နိုဝင်ဘာ ပထမအပတ်တွင် စပါးဈေးတင်း ၁၀၀ ပေါက်ဈေးများမှာ မနောသုခ (၁,၂၅၀,၀၀၀) ကျပ်ဝန်းကျင်၊ ဆင်းသုခ (၁,၃၀၀,၀၀၀) ကျပ်ဝန်းကျင်၊ ပေါ်ဆန်း (၁,၄၅၀,၀၀၀) ကျပ်ဝန်းကျင်၊ တောင်ပျံ (၁,၅၀၀,၀၀၀) ကျပ်ဖြစ်ပြီး အခြားသောစပါးများမှာလည်း ယခင်လထက် ဈေးနှုန်းမြင့်လာရာ ဒေသတစ်ခုနှင့် တစ်ခုပေါက်ဈေးအနည်းငယ် ကွာဟကြောင်းသိရသည်။

"စပါးကအစိုနှင့် အခြောက်ရှိပြီး အခြောက်က ဈေးပိုတယ်။ စက်အရောက်ဈေးနဲ့ တောင်သူနေရာမှာ ဝယ်တဲ့ဈေးလည်း မတူဘူးပေ့ါ။ စပါးအဝယ်များလေ ဈေးတက်လေပဲ။ ဈေးကျမယ်ထင်လို့ မဝယ်ဘဲ အခြေအနေစောင့် ကြည့်နေသူတွေလည်းရှိတယ်။ တောင်သူတွေဆီ စပါးမရှိတော့ချိန် ဈေးတက်တတ်လို့ ခုချိန်ဝယ်နေကြတယ်" ဟု တောင်သူတစ်ဦးကပြောကြားသည်။

လှောင်လက်များနှင့် ဆန်စက်များက ဝယ်ယူမှု များပြားလျှက်ရှိသော်လည်း အချို့တောင်သူများက အနည်းငယ်သာရောင်းချပြီး စပါးဈေး ထပ်မံတက်လာမည့်အခြေအနေကို စောင့်နေသူများလည်းရှိကြောင်း၊ ပြီးခဲ့သည့် စပါးစိုက်ချိန်ကသွင်းအားစုဈေးနှုန်းများ ၃ ဆကျော် မြင့်တက်ခဲ့၍ စိုက်စရိတ်ကြီးမြင့်လာခြင်းနှင့် စပါးအထွက်နှုန်း လျော့ကျနိုင်သည်ဟုခန့်မှန်းမှုများကြောင့် စပါးဈေးမြင့်လာကြောင်း ကုန်သည်တချို့က သုံးသပ်ကြသည်။

Source: **မကွေးဂျာနယ်**

## ပခုက္ကူ ကြက်သွန်ဈေးကွက်တွင် ကြက်သွန်အဟောင်းတစ်ပိဿာ ကျပ် ၄၀၀၀ ခန့် ပေါက်ဈေးရှိပြီး အသစ်တစ်ပိဿာ ကျပ် ၂၈၀၀ ပေါက်ဈေးရှိ

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ဝင်ရောက်ဆဲဖြစ်သည့် ကြက်သွန်အဟောင်း တစ်ပိဿာ အမြင့်ဆုံး ကျပ် ၄၀၀၀ ခန့်အထိ ပေါက်ဈေးရှိပြီး မိုးကြက်သွန်သစ်မှာလည်း ကုန်ဝင်ရောက်မှု များပြားလာကြောင်း သိရသည်။ ယောချောင်းဒေသထွက် ကြက်သွန်အဟောင်းမှာ ပခုက္ကူဈေးကွက်တွင် နိုဝင်ဘာလ ပထမပတ်အတွင်း အမြင့်ဆုံးတစ်ပိဿာကျပ် ၃၆၀၀ ပေါက်ဈေးရှိပြီး နိုဝင်ဘာလ ဒုတိယပတ်တွင် ဈေးနှုန်းထပ်မံမြင့်တက်လာရာ အနိမ့်ဆုံး ကျပ် ၃၁၅၀ မှ အမြင့်ဆုံး ကျပ် ၄၀၀၀ အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်၌ နိုဝင်ဘာ ၉ ရက်တွင် ဂျွန်သေးတစ်ပိဿာ ကျပ် ၃၁၅၀-၃၃၀၀၊ ဂျွန်လတ်တစ်ပိဿာ ကျပ် ၃၄၀၀-၃၆၀၀ နှင့် ဂျွန်ကြီးတစ်ပိဿာ ကျပ် ၃၇၀၀-၃၉၅၀ ပေါက်ဈေးရရှိပြီး ပိဿာချိန် ၁၀၀၀၀ ခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

"ကြက်သွန်အသစ်ဝင်လာပေမဲ့ အဟောင်းဈေးကမကျဘဲ ဆက်တက်နေတုန်းပဲ။ ကုန်ဝင်ကနည်း ဝယ်လက်ကများဆိုတော့ ဈေးကတက်နေတုန်း။ တောင်သူကလည်း ရာသီသိမ်း အသစ်တွေလည်း ဝင်ဆိုတော့ လက်ကျန်လာရောင်းကြတယ်။ လက်ရှိတော့ နယ်စုံပို့နေရသလို လက်လီသမားတွေလည်း ဝယ်ကြတယ်"ဟု ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။ မိုးကြက်သွန်သစ်မှာ နိုဝင်ဘာလပထမပတ်တွင် ပိဿာချိန် ရာဂဏန်းသာဝင်ရောက်ခဲ့ရာမှ နိုဝင်ဘာလ ဒုတိယပတ်တွင် ပိဿာချိန် ၂၀၀၀ ခန့်အထိ ဝင်ရောက်လာပြီး အနိမ့်ဆုံး ကျပ် ၇၀၀ မှ အမြင့်ဆုံးကျပ် ၂၈၀၀ အထိပေါက် ဈေးရှိကြောင်း သိရသည်။

"မိုးကြက်သွန်သစ်က အရင်ရက်က ၁၀ အိတ်လောက်ပဲ ဝင်တယ်။ အခုရက်ပိုင်းတော့ အိတ် ၅၀ ကျော် ၆၀ လောက်စဝင်လာပြီ။ ပစ္စည်းတော့ သိပ်မလှသေးဘူး။ နောက်ရက်ဖော်မယ့် ကြက်သွန်သစ်တွေကျရင် အရည်အသွေးလည်း ပိုကောင်းမယ်။ ကုန်ဝင်လည်းများမယ်။ ယခုဝင်တဲ့ ကြက်သွန်သစ်က မြစ်ရေလွတ်တဲ့ကုန်းမြေမှာ စိုက်တာတွေနဲ့ တောင်သူက

စောပြီးနုတ်သိမ်းတာတွေ များတယ်” ဟု ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ယခုနှစ် ကြက်သွန်စိုက်ပျိုးချိန်တွင် မြေဆီမြေဩဇာဈေးနှုန်း မြင့်တက်ခြင်း၊ မျိုးစရိတ် မြင့်တက်ခြင်းနှင့် စက်သုံးဆီဈေးမြင့်တက်ခြင်းတို့ကြောင့် အရင်းအနှီးများပြားပြီး ကြက်သွန်တစ်ပိဿာ ကျပ် ၈၀၀ အထက်ရရှိမှသာ တောင်သူများ အဆင်ပြေနိုင်ကြောင်း သိရသည်။

Source: https://news-eleven.com/article/240125

## အိန္ဒိယနိုင်ငံက ရုရှားနိုင်ငံမှ စက်သုံးဆီများဆက်လက်ဝယ်ယူမည်ဟုပြော

အိန္ဒိယနိုင်ငံအနေဖြင့် ရုရှားနိုင်ငံမှစက်သုံးဆီများကို ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်းနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက နိုဝင်ဘာ ၈ ရက်တွင် ရုရှားနိုင်ငံခြားရေး ဝန်ကြီးဆာဂျီလက်ရော့နှင့် တွေ့ဆုံစဉ်ပြောသည်။ ရိုးသားစွာပြောရမယ်ဆိုရင် အိန္ဒိယ-ရုရှားဆက်ဆံရေးက နှစ်နိုင်ငံအကျိုးအမြတ်အတွက် ဖြစ်တယ်ဆိုတာကို မြင်တွေ့ရပါတယ်။ ဒါကြောင့် ဒီကိစ္စက ကျွန်တော့်အတွက် အကျိုးရှိတယ်ဆိုရင် ကျွန်တော်ဆက်လုပ်မှာပါဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ ရုရှား၏စက်သုံးဆီဈေးနှုန်းများကို ပုံသေသတ်မှတ်ရန် ကြိုးပမ်းနေသည့် အနောက်အုပ်စု၏ အဆိုပြုချက်နှင့် ပတ်သက်၍ သတင်းထောက်တစ်ဦး၏ မေးမြန်းမှုကို အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဂျေရှန်ကာက ယခုကဲ့သို့ တုံ့ပြန်ပြောခြင်းဖြစ်သည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျဲနတ်ယယ်လန်က စက်သုံးဆီဈေးနှုန်း ပုံသေသတ်မှတ်မှုအပြင် အခြားသော စီးပွားရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးရန် အိန္ဒိယနိုင်ငံသို့မလာရောက်မီ ဂျေရှန်ကာ၏ပြောဆိုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ တရုတ်နှင့်အိန္ဒိယတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများက ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ရေးအတွက် ရုရှားထံမှလျှော့ဈေးဖြင့် ရရှိသော စက်သုံးဆီများကို ပိုမိုဝယ်ယူလာခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းစွမ်းအင်ဖူလုံစေရေးအတွက် ရေနံစိမ်း ၈၅ ရာခိုင်နှုန်း နီးပါးကို ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်ပြီး အောက်တိုဘာလတွင် ရုရှားနိုင်ငံမှအများဆုံး တင်သွင်းထားကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/32592

## စားအုန်းဆီ ရည်ညွှန်းဈေး ၄၃၃၀ ကျော်ဖြင့် ဈေးမြင့်သတ်မှတ်၊ ဈေးကွက်တွင် တစ်ပိဿာ ၆၇၀၀ ဝန်းကျင် ရောင်းချနေ

ပြည်တွင်း စားအုန်းဆီ ဈေးနှုန်းအနေဖြင့် ၄၃၃၀ ကျပ်ဖြင့် ရောင်းချရန် စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ရည်ညွှန်းသတ်မှတ်ထားပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၀၀ ဝန်းကျင် ဈေးမြင့်သတ်မှတ်ထားကြောင်း သိရသည်။

ယင်းကဲ့သို့ ဈေးမြင့်သတ်မှတ်ထားသော်လည်း ဈေးကွက်တွင် စားအုန်းဆီ တစ်ပိဿာလျှင် ၂၀၀၀ ကျော် ဈေးတင်ရောင်းချနေပြီး အနည်းငယ်သာ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ လက်ရှိဈေးကွက်တွင် စားအုန်းဆီ တစ်ပိဿာလျှင် ၆၅၀၀ မှ ၆၇၀၀ ကျပ်ဝန်းကျင် ရောင်းချနေပြီး ပြီးခဲ့သည့် အောက်တိုဘာလ ဈေးနှုန်းထက် ၂၀၀၀ ကျပ်နီးပါး ကျဆင်းလာကြောင်း သိရသည်။

"ဈေးက ကျတော့ကျတယ်။ အရင်လကထက် ၂၀၀၀ လောက် ပြန်ကျတယ် ပြောရမယ်။ အရင်လက ၉၀၀၀ လောက် အထိ ပြန်တက်တယ်။ အခုတော့ ၆၅၀၀ ဝန်းကျင်ကို ပြန်ကျတယ်ပေါ့"ဟု ရန်ကုန်မြို့မှ ဆီကုန်သည် တစ်ဦးက ပေါ်ပြူလာနယူး(စ်) သို့ ပြောသည်။

ပြည်တွင်း စားအုန်းဆီဈေးကွက်တွင် ရောင်းချရမည့် အခြေခံကြမ်းခင်းရည်ညွှန်းဈေးကို တစ်ပတ်လျှင် တစ်ကြိမ် စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ရည်ညွှန်းသတ်မှတ်ပေးနေပြီး ယခုတစ်ပတ် ရည်ညွှန်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ၄၃၃၀ ကျပ် ဖြစ်သည်။ ပြီးခဲ့သည့် အပတ်အတွက် ကော်မတီမှ သတ်မှတ်ပေးခဲ့သည့် ရည်ညွှန်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ၄၂၂၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း

ကြီးကြပ်ရေးကော်မတီမှ သိရသည်။

စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်းဈေးကွက်မှာ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးနေပြီး ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေဖြင့် အရေးယူမည်ဟု ထုတ်ပြန်ထားသည်။ ယင်းကဲ့သို့ ထုတ်ပြန်ထားသော်လည်း ပြည်တွင်းဈေးကွက်၌ စားအုန်းဆီဈေးနှုန်းမှာ အသင်း၏ ရည်ညွှန်းဈေးနှုန်းထက် အဆမတန်ဈေးမြှင့် ရောင်းချနေကြဆဲဖြစ်သည် ။

Source: https://www.popularmyanmar.com/?p=91377

## တရုတ်အကောက်ခွန်ဌာန-GACC မှာ မှတ်ပုံတင်နိုင်ရေး မြန်မာပို့ကုန်ကုမ္ပဏီ ၆၀၀ကျော် ကြိုးပမ်းနေ

ဆန်၊ ဆန်ကွဲ၊ ပြောင်းစတဲ့ လုပ်ငန်းတွေအပါအဝင် မြန်မာပို့ကုန် ကုမ္ပဏီ (၆၀၀) ကျော်က တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့-GACC ထံက မှတ်ပုံတင်ရရှိရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။ မှတ်ပုံတင်လျှောက်ထားတဲ့ ကုမ္ပဏီတွေအနေနဲ့ ကုန်ပစ္စည်း (၁,၆၀၀) ကျော် တင်ပို့ရောင်းချရန် ရည်ရွယ်ထားပြီး စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိ သီးနှံကာကွယ်ရေးဌာနခွဲ-Plant Protection Division က မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ပေးလျှက်ရှိသည်။

လက်ရှိမှာ ပြည်တွင်းအခြေစိုက် ဆန်/ဆန်ကွဲတင်ပို့ရောင်းချသည့် ကုမ္ပဏီ (၆၂) ခု၊ ပြောင်းတင်ပို့ရန် ကုမ္ပဏီ (၁၁၂) ခုနှင့် တစ်သျှူးငှက်ပျော တင်ပို့ရောင်းချမည့် ကချင်ပြည်နယ်အခြေစိုက် ကုမ္ပဏီ (၃၂) ခုတို့ကို GACC က မှတ်ပုံတင်ခွင့်ပြုထားသည်။ နောက်ဆုံးခွင့်ပြုထားသော တစ်သျှူးငှက်ပျောအတွက် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ တရုတ် GACC တို့ အပင်ကျန်းမာရေးဆိုင်ရာလိုအပ်ချက် သဘောတူစာချုပ်ကို ယခုနှစ် အစောပိုင်းမှာ လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။

GACC ရဲ့ ပထမဆုံးအကြိမ် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ဒုတိယပတ်မှာ မြန်မာကုမ္ပဏီ (၄၃) ခုကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးနောက် ဆန်နဲ့ ဆန်ကွဲတင်ပို့ရောင်းချမည့် ကုမ္ပဏီတွေအနေဖြင့် တရုတ်နိုင်ငံထံ တရားဝင်တင်ပို့ခွင့် စတင်ရရှိခဲ့သည်။ စက်တင်ဘာ ၃၀ ရက်နေ့အထိ မြန်မာနိုင်ငံက ကုမ္ပဏီနှင့် စက်ရုံပေါင်း (၁,၁၀၀) ခန့်က လျှောက်လွှာပေါင်း (၁,၈၅၀) ကို တင်သွင်းခဲ့ကြောင်း GACC က ထုတ်ပြန်ထားသည်။

၂၀၂၀-၂၀၂၁ ခုနှစ်မှာ တရုတ်နိုင်ငံကို မြန်မာနိုင်ငံကနေ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရိစ္ဆာန်ထွက်ပစ္စည်းနဲ့ ရေထွက်ပစ္စည်းတင်ပို့မှုအနေနဲ့ ကန်ဒေါ်လာ ၅.၄ ဘီလီယံကျော် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

Source: **မကွေးဂျာနယ်**

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအခြေအနေ

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ ဆန်ကွဲ၊ ရော်ဘာ၊ နှံစားပြောင်း၊ ပြောင်းတို့ကိုအဓိကထား တင်ပို့လျှက်ရှိပြီး ဝဥအစို၊ ဝဥအခြောက်၊ (ရော်ဘာကြမ်း) တို့ကိုလည်း တင်ပို့လျက်ရှိသည်။ ယခုရက်ပိုင်းအတွင်း ပြောင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် ပြောင်းတင်ပို့မှု များပြားလာလျက်ရှိသည်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်ဆောင်ရွက်မှု (၄.၁၅၅) ဒေါ်လာသန်းဖြစ်ပြီး ယခင်တစ်ပတ် ပို့ကုန်ဆောင်ရွက်မှု (၂.၁၉၇) ဒေါ်လာသန်း ဖြစ်သည့်အတွက် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် (၁.၉၅၈) ဒေါ်လာသန်း ပိုမိုခဲ့ကြောင်းသိရသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် စားသောက်ကုန်၊ ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းတို့ကို အဓိကတင်သွင်းလျက်ရှိသည်။ ယခုတစ်ပတ်အတွင်း အိမ်ရိုက်သံ၊ သံပိုက်၊ နန်းခွေ၊ အပင်ပိုးသတ်ဆေးများ၊ မြေဆီ၊ စောင်၊ ကြွေပြား၊

စက်ဘီးအပိုပစ္စည်းများ၊ စက်အပိုပစ္စည်းများ၊ ကြက်အူချောင်း၊ စတီးချိုင့်၊ စတီးလင်ဗန်း၊ စတီးဇွန်း/ခက်ရင်း၊ စတီးဇလုံ၊ စတီးခွက်၊ ကော်စေ့များစသည့် လူသုံးကုန်ပစ္စည်းများ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုအများဆုံး တင်သွင်းနိုင်ခဲ့သည်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း သွင်းကုန်လုပ်ငန်း ဆောင်ရွက်မှုမှာ (၁.၄၄၃) ဒေါ်လာသန်းဖြစ်ပြီး ယခင်တစ်ပတ် သွင်းကုန်ဆောင်ရွက်မှုမှာ (၄.၈၂၉) ဒေါ်လာသန်း ဖြစ်သည့်အတွက် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက (၃.၃၈၆) ဒေါ်လာသန်း လျော့နည်းခဲ့သည်။ လက်ရှိကာလတွင် ချင်းရွှေဟော်မြို့၏ ဒေသပေါက်ဈေးအရ ယွမ်ငွေ ၁ ယွမ်လျှင် ၄၂၇-၄၃၅ကျပ် ဝန်းကျင်ဖြစ်ပေါ်လျက်ရှိပြီး ငွေလဲနှုန်းပြောင်းလဲမှုအရ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်း အနည်းငယ်ပြောင်းလဲမှုရှိကြောင်း သိရသည်။

Source: https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E1%80%81%E1%80%BB%E1%80%84%E1%80%BA%E1%80%B8%E1%80%9B%E1

## MSMEsဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီး

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော MSMEs ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို တိုင်းအတွင်းရှိ ဌာနဆိုင်ရာများနှင့် ထုတ်လုပ်သောလုပ်ငန်းရှင်များ ပူးပေါင်းကာ ၃၁.၁၀.၂၀၂၂ရက်နေ့တွင် ကုန်စည်ပြပွဲ အခမ်းအနားဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် စတင်ထုတ်လုပ် ရောင်းဝယ်နေသော လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်သို့ထိုးဖေါက် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းရှင်များ၏ အတွေ့အကြုံများ ရရှိစေရန်နှင့် ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများ ကျော်လွှားနိုင်စေရန် (Panel Discussion) အား နံနက်(၁၀:၀၀)နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ ဆိုင်ခန်းပေါင်း (၆၇) ခန်းမှ လုပ်ငန်းရှင်များ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တက်ရောက်၍ လိုအပ်ချက်များအား အပြန်အလှန်ဆွေးနွေးကာ လိုအပ်သည်များ ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် နေ့လည် (၁၃:၀၀) နာရီတွင် ပြန်လည်စတင်ကာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖိတ်ကြားချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက MSMEs များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ စက်မှုဇုန်ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ရာတွင် ဆောင်ရွက်သင့်သည့် အခက်အခဲများအား ၎င်း၏အတွေ့အကြုံနှင့်ယှဉ်၍ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

MSMEsထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို အရောင်းပြခန်းပေါင်း(၈၀)ကို လုပ်ငန်းရှင် (၆၇) ဦးနှင့် ကျန်ပြခန်းများအား ဌာနဆိုင်ရာမှ ပူးပေါင်းပါဝင် ပြသပေးခဲ့ပါသည်။ ဈေးရောင်းပွဲတော်တွင် တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သည့် ဇီး၊ မကျီး၊ ပဲယို၊ နှမ်းယို၊ ယိုမျိုးစုံ၊ စပျစ်သီးခြောက်၊ စပျစ်ဝိုင်၊ ခေါက်ဆွဲခြောက်၊ သနပ်ခါးနှင့် ဆန်၊ ဆီ၊ ဒန့်ဒလွန်၊ ခေါင်းလျှော်ရည်၊ သဘာဝဆိုးဆေး၊ သဘာဝမြေသြဇာ၊ ကြိမ်ထည်၊ တောင်း၊ ဆန်ကော၊ ဆန်ကာ၊ သံထည်၊ ချည်ထည်ပစ္စည်းများ၊ ဖိနပ်များစသည့် လုပ်ငန်းရှင်များမှ ပါဝင်ပြသရောင်းချခဲ့ကြပါသည်။

လာရောက်ပြသနိုင်ခြင်းမရှိသည့် လုပ်ငန်းရှင်များကို ဌာနဆိုင်ရာများမှ Trade Promotion ပြုလုပ်ပေးသည့်အနေဖြင့် ပူးပေါင်းပါဝင်ပြသပေးခဲ့ရာ ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန ဝန်ထမ်းများ အနေဖြင့် ဒန့်ဒလွန်ထုတ်ကုန်များ၊ လျှော်ဖြူ ထုတ်ကုန်များနှင့် ဆိတ်သားခြောက်မီးကင်များအား လုပ်ငန်းရှင်များကိုယ်စား ပြသရောင်းချပေးခဲ့ကာ ဒေသထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်ကို (၃၁.၁၀.၂၀၂၂) ရက်နေ့မှ (၂.၁၁.၂၀၂၂) ရက်နေ့အထိ (၃) ရက်တိုင်တိုင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ဒေသထုတ်ကုန် လုပ်ငန်းရှင်များအနေဖြင့် ပြပွဲပြသရခြင်းဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ထုပ်ပိုးမှုမှအစ ပြုပြင်သင့်သည့် အချက်များအား အသိပညာဗဟုသုတများ တိုးပွားလာခြင်း၊ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ကောင်းများ ရရှိ၍ မိမိတို့ထုတ်ကုန်များ ဈေးကွက်ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာဗဟုသုတများ လည်း ပိုမိုသိရှိလာကြပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## ရောဝတီတိုင်းဒေသကြီးအတွင်းဆန်စပါးဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ

ရောဝတီတိုင်းဒေသကြီးအတွင်း လက်ရှိဖြစ်ပေါ်လျှက်ရှိသည့် စပါးဈေးနှုန်းများမှာ ကောက်ကြမ်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၃ သိန်းနှင့် ကောက်ချောစပါးတင်း ၁၀၀ လျှင် ကျပ် ၁၆ သိန်း ၄ သောင်း၊ ရွှေသွယ်စပါး တင်း ၁၀၀ လျှင် ကျပ် ၁၄ သိန်း အသီးသီးဖြစ်ပြီး ဆန်ဈေးနှုန်းများမှာ ဆင်းသုခ၊ မနောသုခ၊ မျိုးပွား (၁) အိတ်လျှင် ကျပ် ၄၃၀၀၀၊ ပေါ်ဆန်းယဉ် (၁) အိတ်လျှင် ၅၃၀၀၀၊ ရောဝတီပေါ်ဆန်းဟောင်း (၁) အိတ်လျှင် ကျပ် ၆၅၀၀၀ အသီးသီးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးနှုန်းများမှာ အရောင်းအဝယ်ဖြစ်မှု အခြေအနေပေါ်မူတည်၍ အပြောင်းအလဲ ရှိကြောင်း သိရှိရပါသည်။

ရောဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်း၊ ဟသ်ာတမြို့နယ်များမှ စပါးများကို ပဲခူး၊ ပြည်မြို့များမှ ဆင်းဝယ်လျှက်ရှိပြီး တိုင်းဒေသကြီးမှ ကြိတ်ခွဲထွက်ရှိသောဆန်ကို မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူမြို့များနှင့် ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်များသို့ တင်ပို့ရောင်းချလျှက်ရှိပါသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် G to G သဘောတူစာချုပ်အရ ရောဝတီတိုင်းဒေသကြီးမှ ဆန်တန်ချိန် ၃၀၀၀၀ မှ ၅၀၀၀၀ အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရန် လျာထားပြီး အောက်တိုဘာလ စတုတ္ထပတ်မှ စတင်ကာ ပုသိမ်စက်မှုမြို့တော် ဆိပ်ကမ်းမှနေ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထ ၅% ဆန်တန်ချိန် ၂၆၅၀ စတင် တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။

လက်ရှိအခြေအနေအရ ရောဝတီတိုင်းဒေသကြီးမှ ပြည်ပသို့ ဆန်တိုက်ရိုက်တင်ပို့ခြင်း စတင်နေသည့်အပြင် လှောင်လက်များလည်း အဝယ်လိုက်နေသဖြင့် စပါးဈေးတက်လာနေပြီး နောက်ရက်များတွင် ဆက်လက်တက်နိုင်ကြောင်း ဆန်ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

Source: ရောကုန်သွယ်မှုဗဟိုဌာန

## STOCK EXCHANGE (10.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,100 | 9,200 | 9,100 | 2,474 | 22,623,400 | 33,109,694 | 301,298 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 536 | 1,795,600 | 38,929,150 | 130,413 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,700 | 7,700 | 7,700 | 70 | 539,000 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 979 | 19,090,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 21 | 56,700 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,650 | 2,700 | 2,650 | 111 | 294,200 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

### Market summary

As of 10th Nov. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.39 | -0.60 | -0.15% | 402.39 | 404.29 | 401.81 | 4,191 | 44,399,400 | 7 | 700,004 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 10th Nov. 2022

| MYANPIX | 402.39 ▼ 0.60 |
|---|---|
| Total Volume (shares) | 4,191 |
| Total Value (MMK) | 44 mil |
| Listed Company | 7 |
| Market Cap. (MMK) | 700,004 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,700 | ▼ 100 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR